ဥပဒေကို ရှေ့တန်းတင်မည်လား၊ ဘာသာရေးဓလေ့ထုံးတမ်းကို ရှေ့တန်းတင်မည်လား

တကယ်တော့ ယနေ့မျိုးစောင့်ဥပဒေတောင်းဆိုလာခြင်း၏ အဓိကအကြောင်းရင်းမှာ လက်ထပ်ထိမ်းမြားခြင်းကိစ္စများတွင် ဘာသာရေး၏လက်ဝါးကြီးအုပ်ထားမှုကြောင့်၊ ယင်းလက်ထပ်ထိမ်းမြားခြင်းမှတဆင့် မွေးလာသည့်ကလေး ဘာသာဝင်ဖြစ်ရေး၊ ထိုမှသည် ဘာသာပြန့်ပွားထွန်းကားရေးကို တိုးတိုးကြိတ်ကြိတ်ရော၊ ကျယ်ကျယ်လောင်လောင်ပါ၊ လုပ်မှန်းသိသိရော၊ လုပ်မှန်းမသိပါ လုပ်ခဲ့ကြခြင်းကြောင့်ဟု ဆိုရပေမည်။

ဘာသာတည်တံ့ပြန့်ပွားရေးတွင် ဘာသာဝင်ရှိရေးသည် ပဓာနဖြစ်သည်။ ဘာသာဝင်ရှိရေးသည်လည်း မိမိဘာသာဝင်များမှ ဘာသာဝင်မျိုးဆက်သစ်ကလေးများမွေးဖွားရေးပင်ဖြစ်လေသည်။ ဘာသာဝင်ရှိရေးနောက်တနည်းမှာ အခြားဘာသာဝင်များကို မိမိဘာသာဝင်ဖြစ်မှုပြုခြင်းပင်ဖြစ်သည်။ ယင်းနှစ်နည်းလုံးကို အသုံးပြုရန်အတွက်နှင့် အသုံးပြုမခံရရန်အတွက် ဘာသာရေးဓလေ့များကို ချမှတ်ကျင့်သုံးကြလေ့ရှိသည်။

မြန်မာပြည်သည် ဘာသာပေါင်းစုံတည်ရှိနေသည့် ထူးခြားသည့်တိုင်းပြည်ဖြစ်သည်။ ရန်ကုန်တွင် ဆူးလေစေတီ၊ချာ့ချ်ကျောင်း၊ ဗလီ၊ ဟိန္ဒူဘုရားကျောင်းလေးခုလုံး တဆက်တစပ်တည်းတည်ရှိနေသလိုမျိုး နေရာအနှံ့အပြား၊ မြို့တော်တော်များများတွင် ဘာသာရေးအဆောက်အဦလေးမျိုးလုံးတွဲလျက်တည်ရှိနေသည်မှာ ကမ္ဘာတွင် မြန်မာပြည်တစ်ခုတည်းဟုဆိုရပေမည်။

မြန်မာပြည်တွင်းသို့ ဘာသာများဝင်ရောက်လာခြင်းနှင့်အတူ ယင်းဘာသာတို့၏ထုံးတမ်းစဉ်လာများလည်း ရှိနှင့်ပြီးသားမြန်မာ့နေထိုင်မှုပုံစံများအပေါ် တစတစနှင့်လွှမ်းမိုးလာခဲ့ပေသည်။

ဥပမာ လက်ထပ်ထိမ်းမြားခြင်းကိစ္စဆိုပါစို့။ ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သည့် မြန်မာနိုင်ငံတွင် သူ့ဓလေ့နှင့်သူရှိပြီးဖြစ်သော်လည်း ခရစ်ယာန်ဘာသာ၏ထုံးတမ်းစဉ်လာဖြစ်သော ဘာသာတူသူများ၊ ယင်းတို့နှင့်ဘာသာမတူသူများလက်ထပ်ထိမ်းမြားခြင်းပြုမည်ဆိုလျှင် ခရစ်ယန်ဘုန်းတော်ကြီးများကသာ ချာ့ချ်တွင် လက်ထပ်ပေးရပြီး မွေးဖွားလာသည့်ကလေးခရစ်ယန်ဘာသာဝင်ဖြစ်ရသည့် ဓလေ့သစ်သည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ရောက်ရှိလာခဲ့သည်။

အစ္စလာမ်ဘာသာ၏ထုံးတမ်းစဉ်လာဖြစ်သော မော်လဝီဆရာများနှင့် ဗလီထဲတွင် လက်ထပ်ခြင်းဓလေ့လည်း မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ဝင်ရောက်လာခဲ့သည်။ ယင်းဓလေ့နှင့်အတူ အစ္စလာမ်တွင် ဘာသာမတူလျှင်ပင် လက်မထပ်ရဟုဆိုသည့်အတွက် ဘာသာမတူသောအိမ်ထောင်ဘက်ကို ဘာသာပြောင်းခိုင်းပြီး အစ္စလာမ်ဘာသာရေးထုံးတမ်းစဉ်လာအတိုင်း ဗလီထဲတွင် မော်လဝီဆရာက လက်ထပ်ပေးခြင်းဓလေ့လည်း ပူးတွဲဖြစ်ပေါ်လာသည်။

ဇာတ်မတူလျှင်ပင် လက်မထပ်ကောင်း။ ဘာသာမတူသူနှင့် လုံးဝလက်မထပ်ရဟူသော ဟိန္ဒူ ဘာသာ၏ဓလေ့လည်း မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ရောက်ရှိလာခဲ့သည်။ ဗုဒ္ဓဘာသာမှာတော့ သီးခြားသတ်မှတ်ထားသော လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဘာသာရေးဓလေ့ကို မတွေ့ရပေ။

ထို့ပြင် လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာသာမက နောက်ဆက်တွဲဖြစ်သည့် တရားဝင်မှု၊ မဝင်မှု၊ အမွေဆက်ခံခြင်း၊ မခံရခြင်း၊ ကွဲကွာခြင်း၊ ပိုင်ဆိုင်ခွင့်၊ သားသမီးစောင့်ရှောက်ခွင့်၊ တာဝန်ယူမှုအပိုင်း များစသည်တို့ကိုလည်း ဘာသာအလိုက် ဓလေ့ကိုယ်စီ သတ်မှတ်ထားကြပြန်သေးသည်။ တလင် တမယားစနစ်ကျင့်သုံး၊ မသုံးလည်း ဘာသာအလိုက် ကွဲပြားကြသည်။ ဤအပိုင်းများတွင်လည်း ဗုဒ္ဓဘာသာအနေဖြင့် ထူးထူးခြားခြားသတ်မှတ် ထားချက်များ မတွေ့ရပေ။

ယင်းသို့ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ဝင်ရောက်လာသောဘာသာရေးဓလေ့များသည် တဖြည်းဖြည်း နှင့် သက်ဆိုင်ရာအမျိုးဘာသာသာသနာအတွက် ချမှတ်ထားသော မျိုးစောင့်ဥပဒေများသဖွယ်ဖြစ်ရုံသာမက၊ ပြဌာန်းဥပဒေများအဖြစ်ပင် အစိုင်အမာဥပဒေပြုထားလေရာ ဗုဒ္ဓဘာသာအုပ်စုများလည်း အခြားဘာသာများနည်းတူမျိုးစောင့်ဥပဒေဖော်ထုတ်ဖို့ ကြိုးစားလာကြသည်။

ယင်းမျိုးစောင့်ဥပဒေများမှာ ဗုဒ္ဓဘာသာအမျိုးသမီးများလက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေ၊ ဘာသာ ကူးပြောင်းခြင်းဆိုင်ရာဥပဒေ၊ တစ်လင်တစ်မယားစနစ်ဥပဒေ၊ ဒေသအခြေအနေအရ လူဦးရေထိမ်း ချုပ်ခြင်းဆိုင်ရာဥပဒေတို့ဖြစ်သည်။

ယင်းသို့ ဗုဒ္ဓဘာသာအုပ်စုများဖော်ထုတ်လာသည့် မျိုးစောင့်ဥပဒေသည် ယခုလိုဒီမိုကရေစီ ဖြစ်ထွန်းရေး၊ အခြေခံဥပဒေပြင်ဆင်ရေးလုပ်နေရသည့်အချိန်တွင် မလိုအပ်သေးဟုဆိုသူများ၊ ဤဥပဒေမျိုးသည် ဘယ်တော့မဆို လိုကိုမလိုအပ်ဟုကန့်ကွက်သူများနှင့် ဥပဒေပြုလိုသူများအကြား ရောမအငြင်းပွားဖွယ်ကိစ္စကြီးအဖြစ် ရောက်ရှိလာခဲ့ပြီး ဒီမိုကရေစီအင်အားစုများ ကွဲပြားလာကြ သည်အထိ အပြန်အလှန် တိုက်ခိုက်ပြောဆိုနေကြပေသည်။ တေ့တေ့ဆိုင်ဆိုင် ဆွေးနွေးပြောဆိုခြင်း မျိုးတော့ မကြားဖူးသေးချေ။ ယခုအခါ ဥပဒေပြုလုပ်သား လွှတ်တော်အမတ်မင်းများလည်း ယင်းဥပဒေကြမ်းများကို ဥပဒေပြုရေး၊ မပြုရေး ဆွေးနွေးငြင်းခုံ နေကြရပေပြီ။

ယဉ်ကျေးအောင်သုံးနှုန်းရလျှင် သာသနာပြုခြင်း၊ တဲ့တဲ့ပြောရလျှင် ဘာသာရေးချဲ့ထွင်ခြင်းကိစ္စရပ် များသည် အတိတ်ရောယခုနောင်ခါ ကမ္ဘာရောမြန်မာမှာပါ ယဉ်ကျေးမှုများတိုးတိုက်မိခြင်းပြောရမည် လား၊ စိုးရိမ်မှုများတိုးတိုက်မိခြင်းခေါ်ရမည်လား၊ သို့မဟုတ် ချဲ့ထွင်မှုများတိုးတိုက်မိခြင်းဆိုရမည်လား၊ တဲ့တဲ့ကြီး တိုးတိုက်နေသည်မှာတော့ သေချာပါသည်။ ကမ္ဘာ့အခြေအနေများကိုကြည့်လျှင် မြန်မာပြည် တွင်ဖြစ်နေသောတိုးတိုက်မှုများသည် တိုးတိုက်သမိုင်း၏နိဒါန်းအစသာရှိသေးပြီး အဆုံးနိဂုံးကိုမျှော် မှန်းရန်လည်း အင်မတန်ခက်ပါလိမ့်မည်။

ထို့ပြင် ယခုအခါသမယတွင် ခေတ်စနစ်များနှင့် ပညာရေးများဖွံ့ဖြိုးအားကောင်းလာသည့်အလျောက် ဘာသာရေးမလို၊ ဘာသာရေးအပိုဆိုသည့် ဘာသာမဲ့များလည်း အများအပြားရှိလာနေပါပြီ။

ဤကဲ့သို့ ဘာသာမတူကြခြင်း၊ ဘာသာမဲ့ကြခြင်းတို့ကိုထောက်ချင့်ကြည့်လျှင် ရှိရှိသမျှသော ဘာသာရေးဓလေ့ဟောင်းများသည် မိမိတို့ရောက်ရှိနေထိုင်ရာ မျက်မှောက်လူ့အဖွဲ့အစည်းနှင့်၊ ခေတ်စနစ်နှင့်၊ လူသားတို့၏အားထုတ်လုပ်ကိုင်တွေ့ရှိသိမြင်မှုများနှင့် အံ့ဝင်ခွင်ကျမဖြစ်တော့သည်မှာ သေချာနေပါပြီ။

သို့အတွက်ကြောင့် ဘာသာရေးထုံးတမ်းစဉ်လာများကို ရိုက်ချိုးပစ်ရမည်ဟုမဆိုလိုပါ။ ပစ်ပယ်ရမည်ဟု မဆိုလိုပါ။ မကျင့်သုံးသင့်ဟုမဆိုလိုပါ။

ဘာသာပေါင်းစုံအပြင် ဘာသာမဲ့သူများပါ ရောနှောယှက်တင်နေထိုင်နေကြသည့် ယနေ့လူ့အဖွဲ့အစည်းသစ်သည် ဘာသာရေးလမ်းညွှန်မှုများဖြင့်သွားခြင်းထက် အားလုံးကိုလွှမ်းခြုံနိုင်သော၊ စံမှီသောဥပဒေများဖြင့်သွားခြင်းကို ရှေးရှု့နေပါသည်။ ဤသို့ဖြင့် ပဋိပက္ခနည်းပါးပြီး ခိုင်မာအားကောင်းသည့် လူ့ဖွဲ့စည်းပုံတရပ်ပေါ်ထွန်းလာပြီး ဘာသာဝင်ဆိုသည့်အခြေအနေ၊ လူမျိုးဆိုသည့် အခြေအနေများ မှေးမှိန်ဖျော့တော့ကာ နိုင်ငံသူ နိုင်ငံသား၊ ထိုမှသည် ကမ္ဘာသူကမ္ဘာသား၊ လူသား၊ ထိုမှသည် သက်ရှိသတ္တဝါဆိုသည့် အခြေအနေကောင်းတရပ်ဆီထိ ရောက်ရှိနေကြသည်ကို တွေ့မြင်နေရပါသည်။

ထို့ကြောင့် ဘာသာရေးဓလေ့ထုံးတမ်းများကို စံမှီသော၊ အားလုံး၏အကျိုးစီးပွားကို လွှမ်းခြုံနိုင်သော ဥပဒေများ၏နောက်သို့ ပို့သင့်ပြီဟု ယူဆပါသည်။ ဥပဒေဖြင့်နေထိုင်ပြီး သက်ဆိုင်ရာဘာသာ၊ လူမျိုးဓလေ့ထုံးတမ်းများကို မိမိတို့ဆန္ဒရှိသည့်အတိုင်း အခြားအုပ်စုများကို အနှောင့်အယှက် မဖြစ်စေဘဲ ထိမ်းသိမ်းစောင့်ရှောက်နေကြလျှင် ပို၍အဆင်မပြေဘူးလားဟု မေးချင်ပါသည်။

ဘာသာရေးဓလေ့အရလက်ထပ်ခြင်းများကို ဥပဒေကြောင်းအဖြစ်အသိအမှတ်မပြုဘဲ ဘာသာဝင်ဟုတ်သူရော၊ မဟုတ်သူများပါ နိုင်ငံသားတိုင်းလိုက်နာနိုင်သည့် ဥပဒေကြောင်းအရလက်ထပ်ခြင်းကိုသာ တရားစီရင်ရေးအပိုင်းတွင် အသိအမှတ်ပြုပြီး တရားဝင်မှုရော၊ ကွဲကွာမှုရော၊ အမွေဆက်ခံမှုရော၊ ပိုင်ဆိုင်မှုရောဖြစ်လာသမျှလင်မယားနှစ်ယောက်ကြားကပြဿနာများ၊ မွေးလာသည့် သားသမီးတို့၏ပြဿနာများကို ဥပဒေဖြင့် စီရင်ပေးမည်ဆိုပါစို့။

နိုင်ငံသားတိုင်း၏ကိုယ်ရေးရာဇဝင်များအသီးသီးရှိနေလျှင် တစ်လင်တစ်မယားဟုတ်မဟုတ်များလည်း ဥပဒေကြောင်းအရလက်ထပ်မှုတွင် တစ်ပါတည်းထည့်သွင်းစီရင်နိုင်သည်။ ဥပဒေကြောင်းနှင့် လက်ထပ်ခြင်းသာဖြစ်၍ လက်ထပ်ခြင်းပယောဂကြောင့် ဘာသာကူးပြောင်းမှုလည်း လုပ်စရာ မလိုတော့ပါ။ မိမိဆန္ဒအလျောက် ဘာသာကူးပြောင်းကြသည်များကို ဤနေရာတွင် ပြောစရာမရှိပါ။ (လူဦးရေထိန်းချုပ်မှုကတော့ ပေါ်လစီကိစ္စဟုယူဆပါသည်။)

ဥပဒေကြောင်းအရလက်ထပ်ပြီးနောက် ဘာသာရေးထုံးတမ်းစဉ်လာအရ လက်ထပ်ကြသည်များမှာ မိမိတို့သဘောလုပ်လိုက လုပ်စေ၊ မလုပ်လိုကလည်း မည်သည့်ပြဿနာမှမရှိဟုဆိုလျှင် ရှေ့လျောက် ဘာသာအချင်းချင်း တိုးတိုက်မိစရာအကြောင်းနည်းပါးသွားမည်ဟု ထင်မြင်မိပါသည်။ (ဥပဒေကြောင်းအရ လက်ထပ်ထိမ်းမြားခြင်းရှိပြီးနောက်ပိုင်းတွင် ဘာသာဝင်မှုပြုစေသည့် လက်ထပ်ထိမ်းမြားခြင်း၊ ဘာသာပြောင်းစေပြီးလက်ထပ်ထိမ်းမြားခြင်းဓလေ့များဆက်လက်တည်ရှိသင့်၊ မသင့်နှင့် ဘာသာမတူ

သူ့အိမ်ထောင်ဖက်များမှ မွေးဖွားလာသည့်ကလေးများကို မိမိတို့ဘာသာဝင် အဖြစ်သွတ်သွင်းခြင်း ဓလေ့များကိုလည်း သီးသန့်ဆွေးနွေးသင့်ပါသည်)

မြန်မာပြည်ရှိတိုးတိုက်မှုအတော်များများသည် ဘာသာမတူကြသူများ ဘာသာရေးအရ လက်ထပ်ထိမ်းမြားမှုများတွင် ဘာသာကူးပြောင်းပေးကြရသည့်အပေါ်မှာ အခြေခံပါသည်။

ဥပဒေက တစ်စုံတစ်ဦးအပေါ် မည်သည့်ဘာသာဝင်မဆိုအပေါ် နစ်နာမှုမရှိအောင်၊ လူ့အခွင့်အရေးစံ၊ အမျိုးသမီးအခွင့်အရေးစံ၊ ကလေးအခွင့်အရေးစံများနှင့်ကိုက်ညီအောင် ရေးလျှင်ရပါသည်။ ဘာသာရေးဓလေ့များကတော့ ယင်းစံအားလုံးနှင့်ကိုက်ညီရန်မလွယ်ကူပါ။ ကိုက်ညီအောင်လည်း ပြုပြင်ရေးရန် မလွယ်ကူပါ။ ရေးလည်း မရေးဝံ့ကြပါ။

ယနေ့အခါသည် ဘာသာတစ်ခုချင်းဆီက လူအားလုံး၏အားကိုးရာ မဖြစ်နိုင်ပါ။ ဘာသာပေါင်းစုံနေကြသည့်အလျောက် ဘာသာတခုတည်းက နိုင်ငံသားအားလုံး၏အားကိုးရာမဖြစ်နိုင်တော့ပါ။ ဥပဒေကသာ မိမိတို့အားလုံး၏ အားထားရာဖြစ်နိုင်ပါသည်။ ဖြစ်၍ရပါသည်။

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးနှင့် အံဝင်ဂွင်ကျရှိဖို့ဆိုလျှင် ဥပဒေကို မဖြစ်မနေလိုက်နာမှုကို ရှေ့တန်းတင်အသိအမှတ်ပြုကြပြီး ဘာသာရေးဓလေ့ထုံးတမ်းများကို ဓလေ့ထုံးတမ်းအဖြစ်သာ ထားသင့်ပါတော့သည်။

ဦးတေဇာဓိပတိ

ရွှေခြသေ့်ကျောင်း၊ ရွှေဘိုမြို့။

၁၉၄၇၁၁၄၃၇၈၆၅